## သင်၏ နှတ်ယူဖြုတ်တောက်မှုပမာဏ မ ပြည့်မီခင်၌ ရရှိနိုင်သော ဝန်ဆောင်မှုများ

အစီအစဉ်များ အားလုံးသည် သင်၏ နှတ်ယူဖြုတ်တောက်မှုပမာဏ မပြည့်မီခင် ကြိုတင်ကာကွယ်စောင့်ရှောက်မှုများအတွက် ပေးချေပေးသည်။

Cascade Care အစီအစဉ်များမှာမူ သင်၏ နှတ်ယူဖြုတ်တောက်မှုပမာဏ မပြည့်မီခင် ပိုမိုများပြားသော ဂန်ဆောင်မှုများအတွက် ပေးချေပေးသည်။ ဤဂန်ဆောင်မှုများတွင် ပါဂင်သည်များမှာ -

- ကြိုတင်ကာကွယ်စောင့်ရှောက်မှု
- နာမကျန်းဖြစ်မှု သို့မဟုတ် ထိခိုက်ဒဏ်ရာအား ကုသရန်အတွက် အခြေခံစောင့်ရှောက်မှု ဆရာဂန်ထံ သွားရောက်ပြသမှု
- စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ
- အထွေထွေ ဆေးညွှန်းများ
- အရေးတကြီး ကုသစောင့်ရှောက်မှု၊ ဉပမာ သင်သည် စောင့်ရှောက်မှုအား ချက်ချင်း လိုအပ်သော်လည်း နလုံးထဖောက်မှုကဲ့သို့သော အရေးပေါ် မဟုတ်သည့် အခြေအနေတစ်ခုဖြစ်လျှင်။

## ကျွန်ုပ် မည်ကဲ့သို့ စာရင်းသွင်းရမည်နည်း။

### ခေါ်ဆိုပါ

1-855-923-4633

TTY/TDD: 1-855-627-9604

နာရီချိန်များ - မနက် 7:30 မှ ညနေ 5:30

*အကူအညီအား ဘာသာစကားအမျိုးပေါင်း 200 ကျော်ဖြင့် ရရှိနိုင်ပါသည်။*

### ချိတ်ဆက်ပါ

သင်၏ ရပ်ရွာအဖွဲ့အစည်းအတွင်းမှ ယုံကြည်စိတ်ချရသော အရင်းအမြစ်တစ်ခုနှင့်အတူ ရက်ချိန်းတစ်ခု ချိန်းဆိုလိုက်ပါ။

သင့်အား အကူအညီပေးမည့် ကျန်းမာရေးစောင့်ရှောက်မှု လမ်းညွှန်သူ သို့မဟုတ် ပွဲစားအား အွန်လိုင်းပေါ်တွင် *wahealthplanfinder.org* ၌ ရှာဖွေလိုက်ပါ။ Get Support (ပံ့ပိုးထောက်ပံ့မှု ရယူရန်) ခလုတ်ပေါ်တွင် ကလစ်နှိပ်ပါ။

### သွားရောက်ကြည့်ရှုပါ

QR ကုဒ်အား စကန်ဖတ်ပါ၊ ဖော်ပြပါ ဂက်ဘ်ဆိုဒ်သို့ ဂင်ရောက်ကြည့်ရှုပါ - wahealthplanfinder.org

## လူတိုင်းအတွက် ဖွင့်လှစ်ပေးထားသော ကျန်းမာရေးအာမခံ။

Washington ပြည်နယ်၌ နေထိုင်သူ တစ်ဦးတစ်ယောက်စီတိုင်းသည် *Washington Healthplanfinder* မှတစ်ဆင့် ကျန်းမာရေး နှင့် သွားဘက်ဆိုင်ရာ အာမခံအား ဂယ်ယူနိုင်မည် ဖြစ်သည်။



**လူဂင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေများ မည်သို့ပင်ရှိပါစေ ဖိတ်ခေါ်ကြိုဆိုပါသည်။**
**စာရွက်စာတမ်း အထောက်အထားများ မည်သို့ပင်ရှိပါစေ ဤအစီအစဉ်သည် လူတိုင်းအတွက် ဖြစ်သည်။**

### သင်၏ လုံခြုံရေးသည် ကျွန်ုပ်တို့အတွက် အလွန်အရေးကြီးပါသည် -

- ကျန်းမာရေးအာမခံအား ရယူခြင်းသည် သင်၊ သင့်မိသားစု သို့မဟုတ် သင်နှင့်အတူ နေထိုင်သော မည်သူမဆို၏ လူဂင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေ သို့မဟုတ် နိုင်ငံသားဖြစ်မှု လျှောက်လွှာများအပေါ် သက်ရောက်မှု မရှိပါ။
- သင်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား လူဂင်မှုကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်းမှု ရည်ရွယ်ချက်များအတွက် အသုံးပြုမည် မဟုတ်ပါ။
- သင်သည် မည်သည့် ကျန်းမာရေးအာမခံ အစီအစဉ်များအား ဂယ်ယူရန် အရည်အချင်းပြည့်မီကြောင်း ဆုံးဖြတ်ဖို့အတွက်သာလျှင် သင်၏ လူဂင်မှုကြီးကြပ်ရေး အခြေအနေနှင့်ပတ်သက်သော အချက်အလက်များကို အသုံးပြုသွားမည် ဖြစ်သည်။

washington healthplanfinder
click. compare. covered.

## ကျန်းမာရေးအာမခံဆိုသည်မှာ မည်သို့နည်း။

ကျန်းမာရေးအာမခံဆိုသည်မှာ အာမခံ ကုမ္ပဏီတစ်ခုနှင့်အတူ သင် ပြုလုပ်သော သဘောတူညီချက်တစ်ခု ဖြစ်သည်။ အာမခံကုမ္ပဏီသည် သင်၏ လစဉ် ကုန်ကျစရိတ်များ အချို့ သို့မဟုတ် အားလုံးကို ပေးချေပေးရန် သဘောတူပြီး၊ အတုံ့အပြန်အနေနှင့် သင်မှ လစဉ် ပေးချေမှု (ပရီမီယံကြေး) များ ပေးဆောင်ရသည်။

## မည်သည့်အတွက်ကြောင့် ကျန်းမာရေးအာမခံအား ထားရှိရသနည်း။

ကျန်းမာရေး အာမခံသည် သင် ကျန်းမာနေစေရန်အတွက် အသုံးပြုသော ကျန်းမာရေးစောင့်ရှောက်မှုအတွက်သော်လည်းကောင်း သင် နာမကျန်းဖြစ်စဉ်၌ အသုံးပြုသော ကုသစောင့်ရှောက်မှုအတွက်သော်လည်းကောင်း ကုန်ကျစရိတ်များအား ကူညီပေးချေပေးသည်။

## ၎င်းသည် မည်မျှ ကျသင့်မည်နည်း။

ကျန်းမာရေးအာမခံ ဝယ်ယူမှု ကုန်ကျစရိတ်သည် သင်၏ ဝင်ငွေ၊ မိသားစု အရွယ်အစား၊ နှင့် သင် နေထိုင်ရာနေရာ အစရှိသည်တို့ကဲ့သော အရာများအပေါ်တွင် မူတည်ပေသည်။ သင်သည် Cascade Care Savings အတွက် အရည်အချင်း ပြည့်မီကောင်း ပြည့်မီနိုင်ပါသည်၊ ဆိုလိုသည်မှာ သင့် ကျန်းမာရေးအာမခံ တစ်စိတ်တစ်ပိုင်းအား ပြည်နယ်မှ ပေးချေပေးမည် ဖြစ်သည်။ အကယ်၍ သင်သည် အရည်အချင်း ပြည့်မီလျှင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် သင် ပေးချေရသော ပမာဏသည် ပိုမိုလျော့နည်းသွားပေမည်။

## ကျန်းမာရေးအာမခံသည် မည်သို့ အလုပ်လုပ်သနည်း။

သင် ကျန်းမာရေးစောင့်ရှောက်မှုအား လိုအပ်လာမည့် အခြေအနေအတွက်ဗ္ဗာ သင်သည် လစဉ် ပရီမီယံကြေးအား ပေးဆောင်ရသည်။ ထို့နောက် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများအား သင် လိုအပ်လာခဲ့လျှင် ဤဝန်ဆောင်မှုများသည် သင့်ထံသို့ ဒစ်စကောင့် လျော့ချထားသော နှုန်းဖြင့် ငွေတောင်းခံလွှာပေးပို့မည် ဖြစ်သည်။

## ကျန်းမာရေးအာမခံ ဝေါဟာရများ

### ပရီမီယံကြေး

အဖွဲ့ဝင်တစ်ဦးစီတိုင်းသည် ပရီမီယံကြေးဟု ခေါ်ဆိုသော လစဉ်အခကြေးအား ပေးဆောင်ရပေမည်။ သင် ပေးဆောင်ရမည့် ပရီမီယံ အခကြေးသည် သင်၏ ကျန်းမာရေးအာခမံ အစီအစဉ်အပေါ်၌ မူတည်ပေသည်။

### နုတ်ယူဖြတ်တောက်မှု

သင်သည် "သင်၏ နုတ်ယူဖြတ်တောက်မှုပမာဏအား ပြည့်မီ" ပြီးသည့်နောက်တွင် သင်၏ ကျန်းမာရေးအာမခံသည် သင်၏ ငွေတောင်းခံလွှာများအား စတင်၍ ကူညီပေးချေပေးမည် ဖြစ်သည်။ အစီအစဉ်များ အားလုံးသည် သင်၏ နုတ်ယူဖြတ်တောက်မှုပမာဏ မပြည့်မီခင်၌မှု ကျန်းမာရေး စစ်ဆေးမှုများကဲ့သို့သော အချို့အရာများအတွက် ပေးချေပေးပေသည်။

### အာမခံအပြင်ထပ်မံပေးချေမှု နှင့် ပူးတွဲပေးချေမှုအာမခံ

ဤသည်တို့မှာ ဆရာဝန်ထံသို့ သင် သွားရောက်ချိန်၌ သင် ပေးချေရသော ကုန်ကျစရိတ်များ ဖြစ်သည်။ သင်၏ အာမခံအပြင်ထပ်မံပေးချေရမှုသည် ပုံသေ ပမာဏ ($1-$50) ဖြစ်သည်။ သင်၏ ပူးတွဲပေးချေမှုအာမခံမှာမူ ဝန်ဆောင်မှု ကုန်ကျစရိတ်၏ ရာခိုင်နှုန်းတစ်ခု ဖြစ်သည်။ သင်၏ ကျန်းမာရေးအာမခံ အစီအစဉ်သည် သင်၏ လည်ပတ်ပြသမှုနှင့်ပတ်သက်၍ ကျန်ရှိသည်များ အားလုံးအတွက် ပေးချေပေးသည်။

### ဆေးဘက်ဆိုင်ရာ ငွေတောင်းခံလွှာ ဥပမာများ

သင်သည် နာမကျန်းဖြစ်၍ ဆေးဘက်ဆိုင်ရာ ကုသစောင့်ရှောက်မှုအား လိုအပ်သည်။
သင်၏ ဆေးဘက်ဆိုင်ရာ ငွေတောင်းခံလွှာမှာ $10,000 ဖြစ်သည်။
သင့်တွင် အာမခံ မရှိပေ။စုစုပေါင်း ***သင် ပေးချေရသည့် ပမာဏ (ကိုယ်ပိုင်ငွေ စိုက်ထုတ်ရသည့် ပမာဏ)*** - ***$10,000***

အာမခံ ရှိထားလျှင်မူ ပို၍လျော့နည်းစွာ ပေးချေရပေသည်။
အာမခံမှ ပေးချေပေးသည်ပ ပမာဏ - $7,960
***စုစုပေါင်း သင် ပေးချေရသည့်ပမာဏ (ကိုယ်ပိုင်ငွေ စိုက်ထုတ်ရသည့် ပမာဏ) - $2,040***

- *နုတ်ယူငွေဖြတ်တောက်မှု - $2,000*
- *အာမခံအပြင်ထပ်မံပေးချေမှု - $40*

## မည်သည့် ကျန်းမာရေးအာမခံ အစီအစဉ်များအား ရရှိနိုင်သနည်း။

*Washington Healthplanfinder* မှတစ်ဆင့် ရရှိနိုင်သော ကျန်းမာရေးအာမခံ အစီအစဉ် အဆင့် သုံးဆင့် ရှိပေသည် - ကြေးအဆင့်၊ ငွေအဆင့်၊ နှင့် ရွှေအဆင့်။
သင်၏ ကျန်းမာရေးအာမခံ ကုမ္ပဏီမှ ပေးချေပေးသော ပမာဏသည် သင် ရွေးချယ်လိုက်သော အဆင့်အပေါ် မူတည်ပေသည်။ ကြေးအဆင့် အစီအစဉ်သည် သင့် ဆေးဘက်ဆိုင်ရာ ငွေတောင်းခံလွှာများ၏ 60% ခန့်၊ ငွေအဆင့် အစီအစဉ်သည် 70% ခန့် နှင့် ရွှေအဆင့် အီအစဉ်သည် 80% ခန့်အား ပေးချေပေးသည်။

**ကြေးအဆင့်** - ဤအစီအစဉ်များသည် လစဉ် ပေးချေရမှုစရိတ် ပိုမိုလျော့နည်းသော်လည်း သင် ကုသစောင့်ရှောက်မှုအား လိုအပ်ချိန်၌ ကုန်ကျစရိတ်အား ပိုမိုလျော့နည်းစွာ ပေးချေပေးသည်။
**ငွေအဆင့်** - ဤအစီအစဉ်များသည် သင် ကုသစောင့်ရှောက်မှုအား လိုအပ်ချိန်၌ သင့် ကုန်ကျစရိတ်များအား ပိုမိုများပြားစွာ လွှမ်းခြုံပေးချေပေးသော်လည်း ၎င်း၏ စရိတ်မှာလည်း ပိုမို ကျသင့်ကောင်း ကျသင့်နိုင်ပေသည်။ အကယ်၍ သင်သည် Cascade Care Savings အတွက် အရည်အချင်းပြည့်မီလျှင် ဤအစီအစဉ်များသည် ကြေးအဆင့် အစီအစဉ်များထက် ပိုမို၍ ကုန်ကျစရိတ် လျော့နည်းကောင်း လျော့နည်းနိုင်ပေသည်။
**ရွှေအဆင့်** - ဤအစီအစဉ်များသည် လစဉ် ပေးချေရမှု ပိုမိုကျသင့်မည်ဖြစ်သော်လည်း သင် ကုသစောင့်ရှောက်မှု လိုအပ်ချိန်၌ ကုန်ကျစရိတ် ပိုမိုများပြားစွာ ပေးချေပေးသည်။ အကယ်၍ သင်သည် Cascade Care Savings အတွက် အရည်အချင်း ပြည့်မီပြီး၊ သိသိသာသာသော ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ချက်များ ရှိနေပါလျှင် ဤအစီအစဉ်များသည် ပိုမိုသင့်တော်ကောင်း သင့်တော်ပေမည်။

## Cascade Care လိုဂိုတံဆိပ်အား ကြည့်ရှုပါ။

Cascade Care အစီအစဉ်များသည် ပိုမို တန်ဖိုးကြီးမြင့်သည်များအား ပိုမိုသက်သာသော ကုန်ကျစရိတ်ဖြင့် ကမ်းလှမ်းထောက်ပံ့ပေးထားသည်။ ဆိုလိုသည်မှာ သင်၏ ပရီမီယံကြေး ပေးချေမှုသည် သင့်အား ယခင်ကထက် ပိုမိုစွာ ရရှိစေမည် ဖြစ်သည်။